# ဆန္ဒပြလွှာလက်မှတ်ထိုးရက် တိုးမြှင့်မည် အဖြူရောင်လှုပ်ရှားမှု ပိုများလာ

NEJ / ၁၂ အောက်တိုဘာ ၂၀၀၆ / ၁၈း၃၀

ကျောင်းသားခေါင်းဆောင်များလွတ်မြောက်ရေးနှင့် စေ့စပ်ဆွေးနွေးပွဲပေါ်ပေါက်ရေး လူထုဆန္ဒများ ကောက်ခံနေသော ၈၈ မျိုးဆက်ကျောင်းသားများ၏ လှုပ်ရှားမှုကို ထောက်ခံသူများ မျှော်လင့်သည်ထက်များပြားကြောင်း ၈၈ မျိုးဆက်ကျောင်းသားများက ပြောကြားသည်။

၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦးဖြစ်သူ ကိုမြအေးက "လက်မှတ်ထိုးကြတာ မျှော်မှန်းထားတာထက် အောင်မြင်တယ်။ နယ်တွေကနေ လက်မှတ်ထိုးဖို့ စာရွက်ကိုတောင်းဆိုကြတယ်။ အခု ရက်ကိုထပ်တိုးချဲ့ဖို့စီစဉ်ထားတာရှိတယ်။ ဒါပေမယ့် ထပ်တိုးချဲ့တာကိုလည်း ကျနော်တို့ ဆက်ခါဆက်ခါ လုပ်သွားမှာတော့မဟုတ်ဘူး။ အခုယာယီအားဖြင့် တပတ်လောက်တော့ ကျနော်တို့စဉ်းစားထားတယ်" ဟုပြောသည်။

ယခုလောလောဆယ် မြန်မာနိုင်ငံအနှံ့မှ လက်မှတ်ထိုးသူပေါင်း (၂) သိန်းကျော်ရှိနေပြီး ဤလက်မှတ်ထိုးလှုံ့ဆော်မှုကို ထောက်ခံသည့်သဘောသက်ရောက်သည့် အဖြူရောင်ဖော်ပြချက် လှုပ်ရှားမှုအခြေအနေမှာလည်း လူငယ်ကျောင်းသားများ၏ထောက်ခံမှု ပိုမိုရရှိနေသည်ဟု သိရသည်။

"ရဟန်းသံဃာတော်တွေအနေနဲ့ကတော့ အဖြူရောင်ချွေးသုတ်ပုဝါလေးတွေ ကိုင်လာတယ် ခင်ဗျ။ တချို့ကတော့ ဝတ်ဖို့အခက်အခဲရှိတဲ့အခါမှာ လက်ကိုင်ပုဝါအဖြူလေးတွေကို ကိုယ့်အသိစိတ် ဓာတ်နဲ့ကိုယ် ဝယ်ပြီးတော့မှ ပေးကမ်းတာတွေလည်း တွေ့ရတယ်။ ပိုပြီးတော့ ဝမ်းမြောက်ဝမ်းသာဖြစ်ရတာက တိုင်းရင်းသားအင်အားစုတွေက အားတက်သရော ပါဝင်ပူးပေါင်းလာတာပါ" ဟု ကိုမြအေးကပြောသည်။

နအဖအာဏာပိုင်များက အဖမ်းအဆီးမလုပ်သေးသော်လည်း လူထုပူးပေါင်းပါဝင်မှု များလာသောကြောင့် ယခုနောက်ပိုင်း လက်မှတ်ထိုးသည့်သူများကို စောင့်ကြည့်ခြင်း၊ လက်မှတ်ထိုးသူရှိရာအိမ်ကို သိရှိပါက ဝင်ရောက်မေးမြန်းခြင်းများ ပြုလုပ်လာသည်ဟု ကိုမြအေးကပြောသည်။

၈၈ မျိုးဆက်ကျောင်းသားများက ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အမှန်တကယ်မြတ်နိုးသဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို ဥပဒေဘောင်အတွင်းမှ ငြိမ်းချမ်းစွာဖော်ဆောင်သွားမည်ဟု သိရသည်။ ■